ဇာတဒင်္ဂရပုဂ္ဂိုလ်ထူးများ

အမှတ်စဉ်(၂)

ပညာအရာ ဧတဒဂ်ရ အရှင်သာရိပုတ္တရာမထေရ်

လူဆိုတာ များသောအားဖြင့် တစ်ယောက်ထဲနေကြတာ မဟုတ်ပါဘူး၊ မိသားစုတွေ အပေါင်းအသင်း မိတ်ဆွေတွေ စသဖြင့် အများနဲ့ နေကြရတာဖြစ်တယ်။ အများနဲ့နေကြတဲ့အခါ ကိုယ့်အပေါ် ကောင်းသူတွေ ရှိသလို မကောင်းသူတွေနဲ့လဲ ကြုံကြရတာပါပဲ။ တစ်ယောက်နဲ့တစ်ယောက် အခန့်မသင့်လို့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး စိတ်နာကျည်းစရာတွေ အာဃာတဖြစ်စရာတွေလဲ ကြုံတတ်ကြရတာ ဓမ္မတာပါ။ သို့သော်လဲ စိတ်နာကျည်းတာ၊ ရန်ငြိုး အာဃာတတွေဆိုတာ ဒီဘဝလဲ ပူလောင်ရ၊ နောင်သံသရာအတွက်လဲ ကောင်းကျိုး မပြုနိုင်ဘူးဆိုတာ သတိထားမိသူတိုင်း သိကြမှာပါ။ ဒီလို ခုရောနောင်ပါ ကောင်းကျိုးမပေးတဲ့ ရန်ငြိုးအာဃာတ တွေကို ဘယ်လို ဖယ်ရှားရမလဲဆိုတာကို အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးက ဟောခဲ့ပါတယ်။ ဒီတပတ်တော့ ဒီတရားတော်နဲ့ အရှင်မြတ်ကြီးရဲ့ အကြောင်းကို စတင်ကြည်ညိုသဒ္ဓါ ပွားကြပါစို့။

ရန်ငြိုးအာဃာတပယ်ဖျောက်နည်း ၅-မျိုး

လောကမှာ တစ်ချို့ပုဂ္ဂိုလ်တွေက ကိုယ့်အပေါ် ကိုယ်အမူအရာနဲ့ ရိုင်းပျစွာ ဆက်ဆံတတ်ကြပေမဲ့ နှုတ်ကတော့ အပြောချိုချိုနဲ့ ပြောဆိုဆက်ဆံတတ်ကြတယ်၊ ကာယကံ မစင်ကြယ်ဘဲ ဝစီကံသာ ဖြူတဲ့ ပုဂ္ဂိုလ်တွေပေါ့။ အဲဒီလို ပုဂ္ဂိုလ်တွေအပေါ် အာဃာတပယ်ဖျောက် ဖို့ကတော့ သာသနာတော်မှာ အမှိုက်ပုံတွေ၊ သုသာန်တွေကနေ မြေမှုံတွေ အလိမ်းလိမ်းကပ်နေတဲ့ အဝတ်စ တွေကို ကောက်ယူပြီး ဖွတ်လျှော်၊ သင်္ကန်းပုံစံချုပ်၊ သင်္ကန်းရောင်ဆိုးပြီးဝတ်ကြတဲ့ ပံသုကူဓုတင်ဆောင် ရဟန်းတွေ ရှိကြတယ်၊ အဲဒီရဟန်းတွေဟာ အဝတ်စကောက်တဲ့အခါ အသုံးမကျတဲ့ ဆွေးရိနေတဲ့အပိုင်းတွေကို ချန်ထားပြီး သင်္ကန်းအတွက် သုံးလို့ရမဲ့ ကောင်းတဲ့အပိုင်းကိုပဲ ရွေးချယ်ပြီး ကောက်ကြသလို အဲဒီပုဂ္ဂိုလ်ရဲ့ မကောင်းတဲ့ ကာယကံအပိုင်းကို နှလုံးမသွင်းပဲ၊ ကောင်းတဲ့ ဝစီကံပိုင်းကိုပဲ ကြည့်ပြီး သူ့အပေါ်ထားတဲ့ ရန်ငြိုးအာဃာတကို ဖြေဖျောက်ရမယ်လို့ အရှင်မြတ်ကြီးက ရဟန်းတော်တွေကို ဟောကြားဆုံးမပါတယ်။

တစ်ချို့ကြတော့ အပြောဆိုးပြီး ကိုယ်အမူရာနဲ့တော့ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဆက်ဆံတတ်ကြတယ်။ ဝစီကံမဖြူဘဲ ကာယကံသာ ကောင်းတဲ့သူမျိုးပေါ့။ အဲဒီလို ပုဂ္ဂိုလ်ကိုတော့ နွေခေါင်ခေါင် နေပူထဲ ခြေကျင်ခရီး ပင်ပင်ပန်းပန်း ခရီးနင်ပြီး အစာရေစာ မွတ်သိပ်ဆာလောင်နေတဲ့ ခရီးသည်တစ်ယောက်ဟာ မှော်တွေ၊ ရေညှိတွေ အပြည့်ဖုံးနေတဲ့ ရေကန်ကြီးတစ်ကန် တွေ့လိုက်တဲ့အခါ ရေကန်ထဲဆင်းပြီး လက်ကလေးနဲ့ မှော်ရေညှိလေးတွေကို ဘေးကိုအသာအယာဖယ်ပြီး ရေကြည်အေးအေးလေးကို သောက်သုံးလိုက်ရလို့ ပူလောင်မှုတွေ၊ ပင်ပန်းနွမ်းနယ်မှုတွေ၊ ဆာလောင်မွတ်သိပ်မှုတွေ တစ်ခဏချင်း ငြိမ်းအေးသွားသလို အဲဒီပုဂ္ဂိုလ်ရဲ့ ရိုင်းစိုင်းတဲ့ ဝစီကံကို နှလုံးမသွင်းပဲ၊ သိမ်မွေ့ကောင်းမွန်တဲ့ ကိုယ်အမူရာကိုပဲ ကြည့်ပြီး

သည်းခံခွင့်လွှတ်ကာ အာဃာတကို ဖြေလိုက်ပါတဲ့။ ဒါဆို ရင်ထဲရှိနေတဲ့ ပူလောင်မှုတွေ မကျေနပ်မှုတွေ တစ်ခဏချင်း ငြိမ်းသွားမှာပါ။

တစ်ခါတစ်လေတော့လဲ အပြောရော ကိုယ်အမူရာပါ ရိုင်းစိုင်းကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ကြုံကြရမှာပါ။ ကာယကံရော ဝစီကံပါ မစင်ကြယ်မဖြူတဲ့သူတွေပေ့ါ။ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်တွေမှာ တစ်ခါတစ်ခါ ရှားရှားပါးပါး စိတ်ကြည်လင်စရာ ကောင်းကွက်လေးတွေ တစ်ကွက်နှစ်ကွက်လောက်တော့ တွေ့ရတတ်ပါတယ်။ အဲဒီလိုပုဂ္ဂိုလ်မျိုးအပေါ် အာဃာတဖြေနည်းကိုလဲ အရှင်မြတ်ကြီးက ခုလို ဟောခဲ့ပါတယ်။ ကန္တာရခရီးခဲလမ်းက နွားခြေရာခွက်လေးထဲမှာ ရေလေး အနည်းငယ် ရှိနေတယ်။ နေပူထဲ မောမောပန်းပန်း ခရီးကြမ်းနှင်လာတဲ့ ခရီးသွားတစ်ယောက်လဲ အဲဒီနွားခြေရာခွက်နား ရောက်လာလို့ စဉ်းစားတယ်၊ " ငါ ဒီနွားခြေရာခွက်ထဲက ရေကို ခွက်နဲ့ဖြစ်ဖြစ် လက်နဲ့ဖြစ်ဖြစ် ခပ်သောက်လိုက်ရင် အနည်ထပြီး သောက်ဖြစ်တော့မှာ မဟုတ်ဘူး၊ လေးဘက်ထောက်ပြီး နွားရေသောက်သလို ပါးစပ်နဲ့ အသာအယာ ငုံ့သောက်လိုက်ရင်တော့ ရေငတ်ပြေပြီး အမောအပန်းတွေ ပြေသွားမှာပဲ " လို့ စဉ်းစားပြီး နွားခြေရာခွက်နား လေးဘက်ထောက်၊ ရေကို အသာလေး ငုံ့သောက်ကာ ဆာလောင်မွတ်သိပ် ပင်ပန်းနွမ်းနယ်မှုကို ဖြေလိုက်ပါတယ်။ ဒီဥပမာလိုပဲ ကိုယ်ရောနှုတ်ပါ ကြမ်းတမ်းပြီး တစ်ခါတစ်လေမှ စိတ်ကျေနပ်စရာ စိတ်ကြည်လင်စရာတွေ့ရတတ်တဲ့သူများ အပေါ်လဲ ရှားရှားပါးပါးတွေ့ရခဲတဲ့ အဲဒီစိတ်ကျေနပ်စရာလေးတွေကိုပဲ ကြည့်ပြီး ခွင့်လွှတ်စိတ်နဲ့ ကိုယ့်ရဲ့ ပူလောင်လှတဲ့ ရန်ငြိုးအာဃာတကို ဖြေရပါမယ်။

လူ့မှုဝန်းကျင်မှာ မယုံကြည်နိုင်လောက်အောင် ကိုယ်ရောနှုတ်ပါ ရက်စက်ကြမ်းကြုတ်တဲ့ ပုဂ္ဂိုလ်တွေကိုလဲ တွေ့နေကြမှာပါ။ ကောင်းကွက်ဆိုလို့ ဘာမှကို ပြစရာမရှိလောက်အောင် ရိုင်းစိုင်းယုတ်မာတဲ့သူတွေပေ့ါ။ ဒီလိုပုဂ္ဂိုလ်တွေနဲ့ တုဖက်ပြီး စိတ်ဆိုး အာဃာတဖြစ်နေရင်လဲ ကိုယ်ပဲ ထပ်နစ်နာဆုံးရှုံးရမှာပါ။ ဒ့ါကြောင့် အဲဒီလို ပုဂ္ဂိုလ်တွေအပေါ်လဲ ရန်ငြိုးအာဃာတမထားပဲ ကုသိုလ်ရအောင်ပဲ နလုံးသွင်းပြီး ကိုယ့်အတွက် အမြတ်ထွက်မဲ့နည်းကို ခုလို ဥပမာနဲ့တကွ ညွှန်ပြတော်မူခဲ့ပါတယ်။ အရှင်မြတ်ကြီးရဲ့ ဥပမာက ခရီးရှည်သွားနေတဲ့သူတစ်ယောက် လမ်းခုလတ်ခရီးသွားရင်း အပြင်းအထန် မကျန်းမာဖြစ်ပြီး ဒုက္ခရောက်နေတယ်၊ ရှေ့ဆက်သွားဖို့ကလဲ မြို့တွေ၊ ရွာတွေနဲ့ အလှမ်းဝေး၊ နောက်ကြောင်းပြန်လို့ကလဲ ခရီးတာ ပိုဝေးကွာနေတဲ့အခြေအနေ၊ လူမမာနဲ့ သင့်တော်တဲ့ အစားစာ၊ ဆေးဝါးနဲ့ ကူညီပြုစုပေးမဲ့သူကလဲ မရှိ။ အဲဒီအချိန်မှာ နောက်ထပ်ခရီးသွားတစ်ယောက်ကလဲ အဲဒီလူနား ရောက်လာတယ်။ ဒီရောက်လာတဲ့ခရီးသွားကလဲ တစ်ယောက်ထဲဆိုတော့ ဘယ်လိုမှ ပြည့်စုံအောင် မကူညီနိုင်တဲ့အခါ " အော်....ဒီလူမမာတော့ ဒီလမ်းမှာတင် ရေတိမ်မနစ်ပါစေနဲ့၊ ကူညီမဲ့သူတွေ အမြန်ရောက်လာပါစေ၊ သင့်တော်တဲ့ ဆေးဝါးတွေ အစားအသောက်တွေ အမြန်ရပါစေ။ " လို့ သနားညှာတာတဲ့ ဒုက္ခအမြန်လွတ်စေချင်တဲ့ ကရုဏာစိတ်ထားနဲ့ လူမမာဘေးနား နေပေးနေရတယ်။ ဒီဥပမာလိုပဲ ကောင်းကွက်ဆိုလို့ ဘာတစ်ခုမျှ ရှာမရဘဲ ဆိုးသွမ်းလှတဲ့ လူ့ဗာလတွေနဲ့ကြုံရတဲ့အခါ "အော် .... ဒီပုဂ္ဂိုလ်တော့ ဒီလိုသာ ဆက်ပြီး မိုက်တွင်းနက်နေမယ်ဆိုရင်တော့ ဧကန်မုချ အပါယ်ငရဲ ကျတော့မှာပဲ၊ သူ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူတွေ၊ အပြောအဆိုတွေ၊ အတွေးအကြံတွေ

လျင်မြန်စွာ ဖယ်ရှားနိုင်ပါစေ၊ ကြင်နာသနား ညှာတာတတ်တဲ့ အပြုအမူ၊ အပြောအဆို၊ အတွေးအကြံတွေ ကျင့်သုံးနိုင်ပါစေ။ ဒါမှ ဒီလူ အပါယ်ငရဲကျပြီး ဒုက္ခတွေ မရောက်မှာ”လို့ သနားတဲ့ ကရုဏာနလုံးသားနဲ့ တွေးပြီး သူ့အပေါ်မှာ ရှိနေတဲ့ ရန်ငြိုးအာဃာတကို ပယ်ဖျောက်လိုက်ပါလို့ အရှင်မြတ်ကြီးက ဆုံးမတော်မူခဲ့ပါတယ်။

နောက်ဆုံးတစ်ခုအနေနဲ့ အရှင်မြတ်ကြီးက ကာယကံလဲဖြူစင်၊ ဝစီကံလဲဖြူစင်ပြီး အမြဲတမ်း စိတ်အေးချမ်းသာစရာတွေချည်း တွေ့နေရတဲ့ပုဂ္ဂိုလ်တွေအပေါ် တစ်ခါတစ်လေ ကိုယ်က စိတ်ဆိုးပြီး ရန်ငြိုးအာဃာတတွေ ဖြစ်လာခဲ့ရင် အဲဒီပုဂ္ဂိုလ်ရဲ့ ဖြူစင်တဲ့ ကာယကံ၊ ဝစီကံနဲ့ စိတ်ကြည်လင်စရာ စိတ်ချမ်းသာစရာ ကောင်းကွက်တွေကို မြင်အောင်ကြည့်ပြီး ဖြေဖျောက်ရမယ်လို့ ယခုလို ဘဝမှာ လက်တွေ့ကျင့်သုံးရမဲ့ အဖိုးတန် တရားတွေကို ဟောကြားတော်မူခဲ့ပါတယ်။ ဒီအကြောင်းအရာကို အင်္ဂုတ္တရနိကာယ်မှာ မှတ်တမ်းတင်ထားပါတယ်။

အရှင်သာရိပုတ္တရာအရှင်မြတ်၏ ဉာဏ်တော်အကြောင်း

အရှင်သာရိပုတ္တရာအရှင်မြတ်ဟာ မြတ်စွာဘုရားရဲ့ တပည့်တွေထဲမှာ ဉာဏ်ပညာနဲ့ပတ်သက်ပြီး အသာဆုံး အမြတ်ဆုံး ဧတဒဂ်ရာထူးကို ရခဲ့ပါတယ်။ အရှင်မြတ်ကြီးရဲ့ ဉာဏ်ပညာအစွမ်းနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလလောက်ကတဲက အနောမဒဿီမြတ်စွာဘုရားက “ဘယ်၍ဘယ်မျှ ရှိတယ်လို့ ဂဏန်းချရေတွက်လို့ မလွယ်ကူမဖြစ်နိုင်တဲ့ ဂင်္ဂါမြစ်ထဲက သဲတွေ၊ မဟာသမုဒ္ဒရာမှာ ရှိတဲ့သဲတွေ၊ လှိုင်းတံပိုးတွေကို ဂဏန်းချရေတွက်လို့ ရချင်ရမယ်၊ သာရိပုတ္တရာရဲ့ ဉာဏ်ပညာအပိုင်းအခြားကို ဘယ်သူမှ ရေတွက်တိုင်းတာလို့ မရနိုင်ဘူး”လို့ အရှင်မြတ်ကြီးရဲ့ ဉာဏ်ပညာအစွမ်းကို ဗျာဒိတ်စကား မိန့်ကြားစဉ်ကပင် ကြိုတင်ချီးကျူးမိန့်တော်မူခဲ့ပါတယ်။

အရှင်မြတ်ကြီး၏ ကြည်ညိုဖွယ်ရာ ဂုဏ်ရည် ၁၆ မျိုး

အရှင်မြတ်ကြီးရဲ့ ဉာဏ်စွမ်းနဲ့ဆက်စပ်တဲ့ဂုဏ်ရည်တွေကို အရှင်အာနန္ဒာနဲ့ မြတ်စွာဘုရားတို့ကလဲ ဘယ်လို မိန့်ကြားခဲ့သလဲဆိုတာကို သဂါထာဝဂ္ဂသံယုတ် ပါဠိတော်နဲ့အဋ္ဌကထာကနေ ထုတ်နုတ်ပြီး ကြည်ညိုသဒ္ဓါဖြစ်ဖွယ် ဖော်ပြချင်ပါတယ်။ မြတ်စွာဘုရားက တစ်နေ့မှာတော့ အရှင်အာနန္ဒာကို “အာနန္ဒာ.... သာရိပုတ္တရာရဲ့ နေထိုင်ကျင့်ကြံပုံ၊ သွားပုံလာပုံ၊ ပြောဆိုဆက်ဆံပုံတွေကို ငါဘုရား နှစ်သက်တယ်၊ တပည့်ကြီးတွေနဲ့ လူတွေနတ်တွေလဲ နှစ်သက်ကြတယ်၊ သင်ရော နှစ်သက်ပါရဲ့လား”လို့ မေးတော်မူပါတယ်။ ဒီအခါမှာ အရှင်အာနန္ဒာက “ဘာမှ နားမလည်သူတွေ၊ အမျက်ဒေါသထွက်နေသူတွေ၊ မောဟဖိစီးလို့ အမှားအမှန်မဝေခွဲနိုင်သူတွေ၊ စိတ်ဖောက်ပြန် ရူးသွပ်နေသူတွေဆိုရင်တော့ အရှင်မြတ်ကြီးကို နှစ်သက်ချင်မှ နှစ်သက်မှာပါ၊ တတ်သိနားလည်ပြီး ဒေါသ မောဟမဖိစီးဘဲ ပင်ကိုယ်စိတ်ကောင်းရှိနေသူတွေဆိုရင်တော့ အရှင်မြတ်ကြီးကို မနှစ်သက် မကြည်ညိုဘဲ ရှိမယ်မဟုတ်ပါဘုရား”လို့ ပြန်လည်လျှောက်ထားပါတယ်။ ဆက်ပြီး အရှင်အာနန္ဒာက “မြတ်စွာဘုရား... အရှင်သာရိပုတ္တရာအရှင်မြတ်ဟာ ပညာရှိသူပါဘုရား၊ ကြီးမားသော ပညာရှိသူပါ၊ ကျယ်ပြန့်သောပညာရှိသူပါ၊ ရွှင်သောပညာရှိသူပါ၊ လျင်မြန်သောပညာရှိသူပါ၊ ထက်သော

ပညာရှိသူပါ၊ ဖောက်ထွင်းနိုင်သောပညာရှိသူပါ၊ အလိုနည်းသူပါ၊ ရောင့်ရဲလွယ်သူပါ၊ အပေါင်းဖော်နဲ့ ကိလေသာကာမဂုဏ်အာရုံတွေကနေ ကင်းဆိတ်နေသူပါ၊ လူရှင်ရဟန်းတို့နဲ့ အာလာပသလ္လာပ ထွေရာလေးပါး ရောက်တတ်ရာရာပြောပြီး ရောရောနှောနှော မနေသူပါ၊ ကြိုးစားအားထုတ်တဲ့ လုံ့လဝီရိယနဲ့ပြည့်စုံသူပါ၊ ပြောဆိုဆုံးမတတ်သူပါ၊ ကိုယ်ကိုယ်တိုင်လဲ သူတပါးဆုံးမတာကို ခံနိုင်သူပါ၊ မဟုတ်တာလုပ်နေတဲ့ သူ့တပည့်တွေကို တွေ့ရင် ကရုဏာနဲ့ ကြောင်းကျိုးပြ ဆုံးမတတ်သူပါ၊ မကောင်းတဲ့သူတွေနဲ့ မကောင်းတဲ့ အကျင့်တွေကို ကဲ့ရဲ့ရှုတ်ချလေ့ရှိသူပါဘုရား။ ဒီလို ဂုဏ်ရည်တွေနဲ့ပြည့်စုံတဲ့ အရှင်သာရိပုတ္တရာကို လောဘဒေါသကင်းစင်ပြီး ဖြူစင်တဲ့စိတ်ထားရှိတဲ့ မရူးမမိုက်သူတိုင်း ဘယ်မကြည်ညို ရှိမလဲဘုရား”လို့ အရှင်မြတ်ကြီးရဲ့ ဂုဏ်ရည် ၁၆ ချက်ကို ဖော်ပြပြီး ပြန်လည် လျှောက်ထားခဲ့ပါတယ်။ ဒီအခါမှာ မြတ်စွာဘုရားက သာဓုခေါ်ပြီး အရှင်သာရိပုတ္တရာမှာ ဒီဂုဏ်ရည် ၁၆ ချက်နဲ့ ပြည့်စုံကြောင်း အတည်ပြု ထပ်လောင်း မိန့်ကြားပါတယ်။ ဒီလို မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာတို့ အပြန်အလှန် မိန့်ကြားလျှောက်ထား ပြောဆိုနေကြတာကို ဘုမ္မစိုးနတ်တွေ ကြားသိလိုက်ကြပါတယ်။ ဘုမ္မစိုးနတ်တွေကနေ တဆင့် နတ်ပြည် ခြောက်ထပ်နဲ့ အကနိဋ္ဌပြဟ္မာ့ဘုံအထိ အရှင်သာရိပုတ္တရာရဲ့ ဂုဏ်ရည်တွေ တဆင့်စကား တဆင့်နား ပြန့်နှံ့သွားပြီး အဲဒီ နတ်၊ ပြဟ္မာတွေကလဲ အရှင်မြတ်ရဲ့ ဂုဏ်ရည် ၁၆ ချက်ကို ဆက်လက်ပြီး ကြည်ညို သဒ္ဓါစိတ်နဲ့ အချင်းချင်း ချီးကျူးပြောဆိုနေကြပါတယ်။ ဒါကို လူ့ဘဝတုန်းက အရှင်မြတ်ကြီးရဲ့ အနီးနေ တပည့်ဖြစ်ခဲ့ဘူးတဲ့ သုသီမနတ်သားက ကြားသိရပြီး “အော် ဒီနတ်တွေ၊ ပြဟ္မာတွေ သူတို့ရဲ့ကိုယ်ပိုင် အပျော်တွေကို ခဏမေ့ထားကြပြီး ငါ့ဥပဇ္ဈာယ်ဆရာ အရှင်မြတ်ရဲ့ ဂုဏ်ရည်တွေကို အားရဝမ်းသာ ပြောဆို ချီးကျူးနေပါပေါ့လား၊ ဒီအကြောင်းကို ဘုရားရှင်သိအောင် သွားလျှောက်ဦးမှပဲ”ဆိုပြီး သူ့ရဲ့ အခြံအရံ နတ် ပရိတ်သတ်တွေနဲ့အတူ မြတ်စွာဘုရားထံမှောက် လာရောက်ကာ အားရဝမ်းသာ လျှောက်ထားပါတယ်။ ခုလို သုသီမနတ်သားက အရှင်မြတ်ကြီးရဲ့ ဂုဏ်ရည်တွေကို လျှောက်ထားတော့ သူနဲ့အတူပါလာတဲ့ သူ့အခြံ အရံပရိတ်သတ်တွေမှာ ကြည်ညိုနှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်းတွေဖြစ်ကြလို့ ကိုယ်ရောင် ကိုယ်ဝါတွေ ပိုလို့တောင် တောက်ပလာပြီး နတ်တန်ခိုးအရှိန်အဝါတွေ တိုးလာပါတယ်။ ဥပမာအားဖြင့် နီမြန်းတဲ့ ကမ္ဗလာပေါ်မှာ အရည်အသွေး အလွန်ကောင်းတဲ့ ပတ္တမြားနဲ့ ဇမ္ဗူရာဇ်ရွှေစင်တွေ တင်ထားလိုက်တဲ့အခါ အရောင်တွေ ပိုတောက်ပလာသလို၊ မိုးရာသီအကုန် တန်ဆောင်မုန်းလကာလ ဆီးနှင်းတွေ မြူတိမ်တွေ ကင်းစင်လို့ ကြည်လင်ပြာလဲ့နေတဲ့ကောင်းကင်ပြင်မှာ သောကြာကြယ်တို့၊ နေမင်းတို့ ပိုပြီး အရောင်တောက်ပ လင်းလက်သလိုမျိုးပါပဲ။

အရှင်မြတ်ရဲ့ ကြီးမားတဲ့ပညာဆိုတာ ကြီးကျယ်မြင့်မြတ်တဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေ သမာပတ်တွေ သစ္စာတရားတွေကို ရအောင်ယူနိုင်စွမ်းရှိတဲ့ပညာကို ဆိုလိုတာပါ။ ကျယ်ပြန့်တဲ့ပညာဆိုတာက များပြားကျယ်ပြောလှတဲ့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ အဘိညာဉ်၊ သမာပတ်စတဲ့တရားတွေအပြင် ဒီတရားတွေထက် သာလွန်တဲ့ နိဗ္ဗာန်တရားတော်အပေါ်မှာပါ ဉာဏ်သက်ဝင် သိနိုင်စွမ်းရှိတဲ့ပညာမျိုးပါ။

ရှင်လန်းတဲ့ပညာဆိုတာကြတော့ အရှင်မြတ်ကြီးဟာ အဂ္ဂသာဝကဆုပန်ခဲ့တဲ့ အနောမဒဿီဘုရား လက်ထက်ကနေ စပြီး ရှင်လန်းတက်ကြွ ဝမ်းမြောက်တဲ့စိတ်နဲ့ သီလ၊ သမာဓိ၊ ပညာတွေကို ဖြည့်ကျင့်တယ်၊ ဒီနောက်ဆုံးဘဝမှာ နိဗ္ဗာန်ကို ထိုးထွင်းသိတဲ့အခါမှာလဲ ရှင်လန်းဝမ်းမြောက်တဲ့စိတ်နဲ့ပဲ သိခဲ့တယ်လို့ ပိဋကမှတ်တမ်းတွေမှာ ပြဆိုထားပါတယ်။ ယခုလို ရှင်လန်းဝမ်းမြောက်တဲ့စိတ်နဲ့ တရားကျင့်၊ တရားတွေကို ထိုးထွင်းသိတဲ့ပညာကို ရှင်လန်းတဲ့ပညာခေါ်ပါတယ်။ ဆိုလိုတာကတော့ ကုသိုလ်ပါရမီတွေ ဖြည့်ကျင့်တဲ့အခါတိုင်း စိတ်မပျော်တပျော်နဲ့ ဖြည့်ကျင့်တာမဟုတ်၊ ရှင်လန်းဝမ်းမြောက် တက်ကြွတဲ့စိတ်နဲ့ ဖြည့်ကျင့်တယ်လို့ ဆိုလိုတာပါ။

နောက်ပြီး လျင်မြန်တဲ့ပညာ၊ သူ့ရဲ့အဓိပ္ပါယ်ကတော့ တစ်လောကလုံးမှာရှိတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရ တရားတွေရဲ့ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှုတွေကို လျင်လျင်မြန်မြန်သိတယ်။ ဒီသင်္ခါရတရားတွေဆိုတာ မမြဲခြင်းသဘောရှိတယ်၊ အကြောင်းတရားတွေက ကျေးဇူးပြုပေးလိုက်လို့ ဖြစ်လာရတဲ့တရားတွေဖြစ်တယ်၊ အကြောင်းကြောင့် ဖြစ်လာတဲ့တရားတွေဖြစ်တယ်၊ ကုန်ခမ်းခြင်းသဘော ပျက်စီးခြင်းသဘော ဆွေးမြေ့ခြင်းသဘော ချုပ်ပျောက်ခြင်းသဘောရှိတဲ့တရားတွေဖြစ်တယ်လို့ ထင်ထင်ရှားရှား သိနားလည်ပြီး အဖြစ်အပျက်ကင်းတဲ့ နိဗ္ဗာန်ကို လျင်မြန်စွာပဲ သိတဲ့ပညာကို လျင်မြန်တဲ့ပညာလို့ ဆိုလိုတာပါ။

ထက်မြက်တဲ့ပညာ ဆိုတာကတော့ ကိုယ့်စိတ်အစဉ်မှာ ဖြစ်ပေါ်လာတဲ့ ကိလေသာတွေကို တစ်ခဏချင်း တမုဟုတ်ချင်း ပယ်ဖျောက်နိုင်တဲ့ပညာ၊ ကာမဝိတက်အတွေးတွေ၊ စိတ်ဆိုးတာတွေ၊ အမျက်ထွက်တာတွေ၊ မနာလို ဝန်တိုမှုတွေ၊ ဂုဏ်ပြိုင်လိုမှုတွေကို တစ်ခဏအတွင်း ချက်ချင်း ပယ်ဖျောက်နိုင်တဲ့ပညာ၊ တစ်ထိုင်တည်း မဂ်၊ ဖိုလ်၊ အဘိညာဉ်၊ သမာပတ်စတဲ့ တရားထူးတွေကို သိနိုင်တဲ့ပညာပဲ ဖြစ်ပါတယ်။

နောက်ဆုံး ထိုးထွင်းနိုင်တဲ့ပညာဆိုတာက သာမန်ပုဂ္ဂိုလ်တွေ ဖောက်ထွင်းဖို့ မလွယ်ကူတဲ့ လောဘအတုံးအခဲ၊ ဒေါသအတုံးအခဲ၊ မောဟအတုံးအခဲ စတဲ့ ကိလေသာအစိုင်အခဲတွေကို ဖောက်ထွင်းပယ်ရှင်းနိုင်တဲ့ ပညာကို ဆိုလိုတာပါ။ အရှင်မြတ်ကြီးရဲ့ ဉာဏ်ပညာဟာ ဒီအရည်အသွေးတွေနဲ့ ပြည့်စုံတော်မူပါတယ်။

အရှင်မြတ်ကြီးဟာ ဝီရိယလဲ အလွန်ကောင်းသူဖြစ်ပါတယ်။ ဘယ်လောက်ထိ ဝီရိယကောင်းသလဲဆို ရဟန်းအဖြစ်နဲ့ နေခဲ့တဲ့ ၄၄ ဝါ ကာလပတ်လုံး ခုတင် ညောင်စောင်းတွေပေါ်မှာ တစ်ခါမှ ကျောမခင်း၊ လဲလျောင်းအိပ်စက်ခြင်းမပြုပဲ တရားကိုသာ အားထုတ်ခဲ့တဲ့ နိသဇ္ဇဓုတင်ဆောင် အရှင်မြတ်ကြီးပါ။ သူ့ရဲ့ တပည့်တပန်းတွေအပေါ်လဲ ဆုံးမပဲ့ပြင် သွန်သင်စရာရှိရင် မနက်ဖန် သဘက်ခါ ရွှေ့မနေဘဲ ချက်ချင်းဆုံးမ ဩဝါဒပေးတတ်ပါတယ်။ နောက်ပြီး အရှင်မြတ်ဟာ သူတပါးကိုသာ ဆုံးမတတ်တဲ့သူ မဟုတ်ပါဘူး။

သူတပါးက သူ့ကိုဆုံးမလာရင်လဲ ကြည်ကြည်ဖြူဖြူ မြတ်မြတ်နိုးနိုး ခံယူတတ်တဲ့ အရှင်မြတ်ဖြစ်ပါတယ်။ လောကမှာ တစ်ချို့ ဆရာတွေဆိုတာ ကိုယ်ကသာ သူတပါးကို ဆုံးမမယ်၊ သူ့ကို ပြန်ဆုံးမရင်တော့ မကျေမနပ် စိတ်ဆိုးတတ်ကြတယ်။ အရှင်မြတ်ကြီးကတော့ အဲဒီလို ဆရာမျိုး မဟုတ်ပေဘူး။ တစ်ခါမှာတော့ အရှင်မြတ်ကြီးကို ခုနစ်နှစ်အရွယ် သာမဏေငယ်လေးက "အရှင်မြတ်ဘုရား.... အရှင်ဘုရား သင်္ကန်းဝတ်တာ တို့လို့တွဲလောင်း ဖရိုဖရဲဖြစ်နေပါတယ်ဘုရား"လို့ လျှောက်တော့ အရှင်မြတ်ကြီးက

ကိုရင်လေးကို ဘာမှပြန်မပြောဘဲ သင့်တော်တဲ့တစ်နေရာသွားပြီး သင်္ကန်းကို ညီနေအောင် ပြန်ပြင်ဝတ်ပါတယ်၊ ပြီးမှ ကိုရင်လေးထံ ပြန်လာကာ "ဆရာကိုရင်....ဒီလိုဆို သင့်တော်ပါပြီလား"လို့ လက်အုပ်ကလေးချီကာ မေးပြီး ကိုရင်လေးနား ရပ်နေပါသတဲ့။ ဒီလို ဆုံးမလွယ်ကူတဲ့ဂုဏ်မျိုးကတော့ အရှင်မြတ်ကလွဲလို့ ကျန်တဲ့ပုဂ္ဂိုလ်တွေမှာ ရှာတွေ့ဘို့မလွယ်ကူတဲ့ အရှင်မြတ်ကြီးရဲ့ ထူးခြားတဲ့ဂုဏ်ရည်ပါ။

မကောင်းတဲ့ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်လာရင်လဲ အရှင်မြတ်ကြီးရဲ့ ဆန္ဒတော်က ဒီလို အလိုရမ္မက်ကြီးပြီး ပျင်းပျင်းရိရိနဲ့ ဗဟုသုတမရှိတဲ့လူမိုက်တွေကို မမြင်မတွေ့ပါရစေနဲ့၊ ဒီလိုပုဂ္ဂိုလ်တွေရဲ့ စကားသံကိုလဲ မကြားပါရစေနဲ့၊ ယုတ်စွအဆုံး ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ တစ်စကြာဝဠာထဲမှာတောင် အတူမနေပါရစေနဲ့လို့ ဆန္ဒတော်ရှိပြီး မကောင်းတဲ့ပုဂ္ဂိုလ်တွေကို ကဲ့ရဲ့ရှုတ်ချလေ့ရှိပါတယ်။ အကုသိုလ်တွေ ဖြစ်တာနဲ့ ပတ်သက်ရင်လဲ ရှင်ရဟန်းဆိုတာ လောဘအကြိုက် လိုက်မလုပ်ရဘူး၊ ဒေါသ မောဟတွေအကြိုက် နောက်က မလိုက်ရဘူး။ ဖြစ်ပေါ်လာတဲ့ လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်တရားဆိုးတွေကို ချက်ချင်း ပယ်ရတယ်စသဖြင့် အကုသိုလ်ကို ပယ်ဖို့ ဟောပြောဆုံးမလေ့ရှိပါတယ်။ ဒါကတော့ အရှင်မြတ်ကြီးရဲ့ ကြီးကျယ်တဲ့ ဉာဏ်တော်နဲ့ ကြည်ညိုစရာ ဂုဏ်ရည်တွေပဲဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ ရှေးပါရမီကောင်းမှုကုသိုလ်

ဒီလို ကြီးကျယ်တဲ့ဉာဏ်တော်နဲ့ ကြည်ညိုစရာဂုဏ်ရည်တွေနဲ့ ပြည့်စုံတဲ့ ပညာအရာ တေဒဂ်ရ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ ရှေးပါရမီကောင်းမှုနဲ့ဆုတောင်းတွေကို ကြည်ညိုကြပါမယ်။ အရှင်သာရိ ပုတ္တရာအကြောင်းပြောရင် အရှင်မဟာမောဂ္ဂလာန် အကြောင်းကိုလည်း တွဲပြောမှ အဆင်ပြေမှာပါ။ သူတို့ နှစ်ပါးက အတူတူ ဆုတောင်းဆုယူ ပြုခဲ့ကြတာမို့ပါ။ ဒီဘုရားသာသနာတော်မှာ အရှင်သာရိပုတ္တရာက ပညာအရာ တေဒဂ်ရကာ လက်ျာတော်ရံ အဂ္ဂသာဝကဖြစ်လာပြီး အရှင်မဟာမောဂ္ဂလာန်က တန်ခိုးအရာ တေဒဂ်ရကာ လက်ဝဲတော်ရံ အဂ္ဂသာဝကဖြစ်လာခဲ့ပါတယ်။

ဒီကမ္ဘာကနေ နောက်ပြန်ရေတွက်လိုက်ရင် တစ်သင်္ချေနဲ့ကမ္ဘာတစ်သိန်းထက်မှာ အရှင်သာရိပုတ္တရာက ပုဏ္ဏားသူဌေးမျိုးမှာ ဖြစ်ခဲ့ပြီး **သရဒလုလင်**လို့ နာမည်တွင်ခဲ့တယ်။ အရှင်မဟာမောဂ္ဂလာန်ကတော့ ကုန်သည် သူဌေးမျိုးမှာ ဖြစ်ခဲ့ပြီး **သိရီဝဍ္ဎနသူကြွယ်**လို့ အမည်တွင်ခဲ့တယ်။ သူတို့နှစ်ယောက်ဟာ အလွန်ရင်းနှီး ချစ်ခင်ကြတဲ့ မြေမှုန့်ကစားဖက် သူငယ်ချင်းများ ဖြစ်ကြတယ်။ သရဒလုလင်ဟာ ဖခင်ကွယ်လွန်ပြီးလို့ တစ်နေ့မှာတော့ သူတို့မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို ကြည့်ပြီး ခုလိုစဉ်းစားမိတယ်။ "ငါဟာ ဒီဘဝဒီခန္ဓာအကြောင်းတော့ သိတယ်၊ နောက်ဘဝနောက်ခန္ဓာအကြောင်းတော့ မသိဘူး၊ မွေးလာတဲ့ သတ္တဝါ တိုင်းလဲ သေရမှာ ဧကန်ပဲ။ ဒါ့ကြောင့် ငါ ရဟန်းတစ်ပါးထံ သွားပြီး သံသရာကလွတ်ကြောင်းတရား ရှာသင့်တယ်"လို့ စဉ်းစားမိပြီး သူ့သူငယ်ချင်း သိရီဝဍ္ဎနထံ ရဟန်းဝတ်ကြဖို့ရန် သွားတိုင်ပင်ပါတယ်။

သိရီဝဍ္ဎနက ရဟန်းမဝတ်နိုင်ကြောင်း ပြန်ပြောလိုက်တဲ့အခါ သရဒလုလင်က "တမလွန်ခရီး သွားတယ်ဆိုတာ သူငယ်ချင်းတွေ မိတ်ဆွေတွေကို ခေါ်သွားလို့ ရတာမဟုတ်ဘူး။ ကိုယ်လုပ်ထားတဲ့ကံပဲ

ကိုယ့်အတွက် အားကိုးရာဖြစ်တယ်၊ သူမဝတ်လဲ ငါတစ်ယောက်ထဲပဲ ဝတ်တော့မယ်” လို့ ဆုံးဖြတ်ချက် ချလိုက်တယ်။ ဒီနောက်တော့ အိမ်မှာရှိတဲ့ ရတနာတိုက်တွေ၊ အဝတ်ထည်တိုက်တွေကို ဖွင့်လှစ်ပြီး ဆင်းရဲသားတွေ၊ ခရီးသွား ဧည့်သည်တွေ၊ တောင်းစားသူတွေကို စွန့်ကြဲပေးကမ်းတဲ့ အလှူပွဲကြီး အကြီးအကျယ်ပြုလုပ်ပြီး တောထွက်ကာ ရသေ့ရဟန်း ပြုလိုက်တယ်။ သရဒလုလင် ရသေ့ရဟန်းဝတ်တာကို အားကျပြီး ပုဏ္ဏားလုလင် ခုနစ်သောင်း လေးထောင်လဲ ရသေ့ရဟန်း လိုက်ဝတ်ကြတယ်။ သရဒရသေ့ဟာ ရဟန်းဝတ်ပြီးတဲ့နောက် အဘိညာဉ်နဲ့ သမာပတ်ရှစ်ပါးကို ရအောင် တရားအားထုတ်နိုင်ခဲ့ပြီး သူ့တပည့် ရသေ့တွေကိုလည်း တရားပြပေးလို့ တပည့်တွေလဲ သူ့လိုပဲ အဘိညာဉ်တွေ သမာပတ်တွေ ရခဲ့ကြတယ်။

အဲဒီအချိန်မှာပဲ အနောမဒဿီမြတ်စွာဘုရားဟာ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူကာ တရားဦးဓမ္မစကြာဟောပြီးတဲ့ တစ်နေ့သောအခါမှာ သရဒရသေ့နဲ့တပည့်တွေကို ချီးမြှောက်လိုတဲ့အတွက် အဖော်မပါ တစ်ပါးတည်း ကောင်းကင်ခရီး ဈာန်ယာဉ်စီးပြီး သရဒရသေ့တို့နေထိုင်တဲ့ တောသို့ ကြွပြီး မြေပြင်ပေါ် သက်ဆင်းတော်မူပါတယ်။ သရဒရသေ့လဲ မြတ်စွာဘုရားရဲ့ မဟာပုရိသလက္ခဏာတော်တွေကို မြင်တွေ့လိုက်တော့ “ဒီပုဂ္ဂိုလ်ဟာ ဧကန်မုချ ဘုရားပဲ”ဆိုတာ သိလိုက်ပြီး ခရီးဦးကြိုဆို၊ ဘုရားထိုင်ဖို့ နေရာခင်းပေးပါတယ်။ မြတ်စွာဘုရားရှင်ဟာ ရသေ့ခင်းပေးတဲ့နေရာမှာ ထိုင်တော်မူပြီး သရဒရသေ့လဲ မြတ်စွာဘုရားအနီး လက်အုပ်ချီ အရိုအသေပေးကာ ထိုင်နေပါတယ်။

ဒီအချိန်မှာ သရဒရသေ့ရဲ့ တပည့်ရသေ့ တွေဟာ ကောင်းပေ့၊ အရသာရှိပေ့ဆိုတဲ့ သစ်သီးကြီးငယ်ကို ခူးဆွတ်ယူဆောင်လာပြီး သူတို့ဆရာနဲ့ မြတ်စွာဘုရားရဲ့ ထိုင်နေပုံကို ကြည့်ကာ “အိုဆရာ...လောကမှာ အသင်ထက် ကြီးမြတ်တဲ့သူ မရှိဘူးလို့ အရင်က အကျွန်ုပ်တို့ ထင်ခဲ့ပါတယ်။ ခု ဆရာနေနေပုံကို ထောက်တော့ ဒီပုဂ္ဂိုလ်က အသင်ထက် ကြီးမြတ်နေတဲ့ပုံပါလား”လို့ မေးပါတယ်။ အဲဒီအခါ သရဒရသေ့က သူ့တပည့်တွေကို မုံညင်းစေ့နဲ့ မြင်းမိုရ်တောင် တန်းတူထားပြီး မနှိုင်းယှဉ်ကောင်းသလို သူနဲ့ ဘုရားကိုလဲ တန်းတူထား မနှိုင်းယှဉ်သင့်ကြောင်း ရှင်းပြလိုက်တဲ့အခါ တပည့်ရသေ့တွေ သဘောပေါက်ပြီး အနောမဒဿီမြတ်စွာဘုရား ခြေတော်ရင်း ဝပ်စင်း ဦးတိုက်ကာ ဝင်ထိုင်လိုက်ကြတယ်။ ပြီးတော့ သရဒရသေ့က မြတ်စွာဘုရား ဆွမ်းခံထွက်ချိန်ကြီး သူတို့ထံ ရောက်လာတာကို သိလို့ မြတ်စွာဘုရားကို သစ်သီးဆွမ်း လောင်းလှူဖို့ သူ့တပည့်တွေကို စေခိုင်းလိုက်ပြီး သူကိုယ်တိုင်လဲ ရေစစ်နဲ့ ရေစစ်ပြီး သောက်တော်ရေ ဆက်ကပ်ပါတယ်။ ဒီ့နောက်တော့ မြတ်စွာဘုရား ဆွမ်းစားပြီး ထိုင်နေတဲ့အခါ သရဒရသေ့နဲ့ တပည့်တွေလဲ ဝမ်းမြောက်ဖွယ်စကား တွေ ပြောဆိုကြရင်း မြတ်စွာဘုရားအနီး ထိုင်လိုက်ကြတယ်။ ဒီအခါမှာ အနောမဒဿီမြတ်စွာဘုရားက သူ့ရဲ့ အဂ္ဂသာဝကနှစ်ပါးကို တပည့်တွေနဲ့ အတူ လာစေသတည်းလို့ အဓိဋ္ဌာန်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ အဂ္ဂသာဝကနှစ်ပါးလဲ နောက်ပါ ရဟန္တာ တစ်သိန်းနဲ့အတူ ကောင်းကင်ခရီးနဲ့ ကြွလာပြီး မြတ်စွာဘုရားကို ရှိခိုးဝတ်ချကန်တော့ကာ အနားမှာ ထိုင်တော် မူကြတယ်။

သရဒရသေ့လဲ အနောမဒဿီမြတ်စွာဘုရားနဲ့ အဂ္ဂသာဝကနှစ်ပါး အမှူးပြုတဲ့ ရဟန္တာတစ်သိန်းကို ပန်းမွှေ့ရာပန်းအခင်းနဲ့ ပူဇော်ဖို့ရန်အတွက် သူ့ရဲ့တပည့်ရသေ့တွေကို ပန်းအရှာခိုင်းလိုက်ပါတယ်။ တပည့်တွေက တန်ခိုးရှင်တွေဆိုတော့ တန်ခိုးနဲ့ တစ်ခဏချင်းပဲ အဆင်းလဲလှ ရနံ့လဲ သင်းကြိုင်တဲ့ ပန်းတွေ ခူးလာပြီး ပန်းမွှေ့ရာအခင်းတွေ စီမံပြင်ဆင်ကြပါတယ်။ ပြီးတဲ့အခါ သရဒရသေ့က မြတ်စွာဘုရားကို သူတို့ကို ချီးမြှောက်တဲ့အနေနဲ့ ပန်းမွှေ့ရာအခင်းတွေပေါ်မှာ သီတင်းသုံးဖို့ လက်အုပ်ချီကာ ရိုရိုသေသေ ပင့်လျှောက်တဲ့အတွက် အနောမဒဿီမြတ်စွာဘုရားနဲ့အတူ အဂ္ဂသာဝကနှစ်ပါးဦးဆောင်တဲ့ ရဟန္တာတစ်သိန်းတို့ဟာ သူ့နေရာနှင့်သူ သတ်မှတ်ထားတဲ့ ပန်းမွှေ့ရာတွေပေါ်မှာ သီတင်းသုံးကြပါတယ်။ ပန်းလှူတဲ့ရသေ့တွေ အကျိုးများစေဖို့အတွက် ဘုရားရှင်နှင့်ရဟန်းတော်တွေက နိရောဓသမာပတ်ကို ခုနစ်ရက်တိတိ ဝင်စားတော်မူကြပါတယ်။ နိရောဓသမာပတ်ဝင်စားတယ်ဆိုတာ အနာဂါမ်ရဟန္တာလဲဖြစ်၊ သမာပတ်ရှစ်ပါးလဲရတဲ့ ပုဂ္ဂိုလ်များက ခန္ဓာဝန်ထမ်းရတာ လေးလံတဲ့ ဒုက္ခတွေကနေ ခေတ္တခဏလွတ်စေဖို့အတွက် စိတ်စေတသိက်တွေရော စိတ္တဇရုပ်တွေပါ ချုပ်ငြိမ်းစေပြီး ကမ္မဇ၊ ဥတုဇ၊ အာဟာရဇဆိုတဲ့ ရုပ်သုံးမျိုးထဲနဲ့ ခုနစ်ရက်တိတိ ငြိမ်းချမ်းစွာနေတာကို ဆိုလိုတာပါ။ ဒီနိရောဓသမာပတ်က ပြန်ထလာတဲ့အရှင်မြတ်များကို လှူရရင် လှူသူတွေမှာ ချက်ချင်းလက်ငင်း ထူးခြားတဲ့ အကျိုးတရားတွေ ရနိုင်ပါတယ်။

အဲဒီလို ဘုရားအမှူးပြုတဲ့ရဟန်းတော်တွေ သမာပတ်ဝင်စားနေတဲ့ ခုနစ်ရက် လုံးလုံး သရဒရသေ့ဟာ လုံးဝမထ၊ အစာရေစာ မစားပဲ အနောမဒဿီမြတ်စွာဘုရားရှင်ကို ပန်းထီးကြီး ဆောင်းမိုးပေးပြီး ပူဇော်နေပါတယ်။ ပန်းတွေနဲ့ ပူဇော်ပြီးတဲ့အခါ သရဒရသေ့ဟာ သစ်နက်ရေကို လက်ဝဲတဖက် ပခုံးထက်မှာတင်ပြီး မြတ်စွာဘုရားကို ရှိခိုးဦးညွှတ်ကာ "မြတ်စွာဘုရား....အရှင်ဘုရားဟာ သတ္တဝါတွေကို သံသရာခရီးခဲကနေ ထုတ်ဆောင်တော်မူပါတယ်ဘုရား၊ အရှင်ဘုရားကိုဖူးမြင်ရလို့ သတ္တဝါတွေမှာ ယုံမှား သံသယဝိစိကိစ္ဆာတွေ ကင်းလာကြပါတယ်ဘုရား၊ ဒါ့ကြောင့် အရှင်ဘုရားဟာ သတ္တဝါတွေရဲ့ ကိုးကွယ် အားထားရာ ဆရာမြတ်ဖြစ်ပါတယ်ဘုရား၊ သမုဒ္ဒရာရေကို ပြည်တောင်းနဲ့ ချိန်တွယ်ရေတွက်လို့ ရချင် ရနိုင်ပါမယ်၊ ဒီမဟာပထဝီမြေကြီးကို ချိန်ခွင်ပေါ်တင်ပြီး ချိန်တွယ်မယ်ဆိုရင် ရချင်ရနိုင်ပါမယ်၊ မိုးကောင်းကင်ကြီးကို ပေကြိုးတွေ၊ လက်သစ်တောင်တာတွေနဲ့ တိုင်းတာမယ်ဆိုရင် ရချင်ရနိုင်ပါမယ်၊ ဒါပေမဲ့ အရှင်ဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကိုတော့ နှိုင်းယှဉ်ဘို့ရာ မဖြစ်နိုင်ပါဘုရား။"လို့ မြတ်စွာဘုရားရဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ချီးကျူးခဲ့ပါတယ်။ **သရဒရသေ့ရဲ့ ခုလို ပန်းတွေနဲ့ပူဇော်တာနဲ့ သဗ္ဗညုတဉာဏ်တော်ကို ချီးကျူးပူဇော်တဲ့ကုသိုလ်က အရှင်မြတ်ကြီးအတွက် ပညာအရာ ဧတဒဂ်ရကြောင်း အဓိကကောင်းမှုကုသိုလ် ဖြစ်ပါတယ်။**

ကျန်တဲ့တပည့်ရသေ့တွေကတော့ ဆွမ်းစားချိန်မှာ သစ်သီးရှာထွက် သစ်သီးစားပြီးမှ ဘုရားအမှူး ရှိတဲ့ရဟန်းတော်တွေကို လက်အုပ်ကလေးတွေချီကာ ပူဇော်ရင်း ထိုင်နေကြပါတယ်။ ခုနစ်ရက်စေ့လို့ ဘုရား အမှူးပြုတဲ့ရဟန်းတော်တွေ နိရောဓသမာပတ်မှ ထပြီးတဲ့အခါ ဘုရားရှင်ရဲ့ တိုက်တွန်းချက်အရ အဂ္ဂသာဝက

နှစ်ပါးဖြစ်တဲ့ နိသဘထေရ်နဲ့ အနောမထေရ်တို့က ရသေ့တွေကို ပန်းအလှူနဲ့ပတ်သက်တဲ့ ပန်းအနုမောဒနာ တရား ဟောကြပါတယ်။

အဲဒီနောက်တော့ အနောမဒဿီမြတ်စွာဘုရား ကိုယ်တော်တိုင် အနုမောဒနာတရား ဆက်ပြီးဟောကြားလိုက်တဲ့အခါ သရဒရသေ့ကလွဲပြီး ကျန်တဲ့ တပည့်ရသေ့ ခုနစ်သောင်းလေးထောင်လုံး အာသဝေါကုန်ခမ်း ရဟန္တာ ဖြစ်တော်မူကြပါတယ်။ မြတ်စွာဘုရားရှင်က ဒီရသေ့တွေကို ဧဟိဘိက္ခုရဟန်းအဖြစ် ချီးမြှင့်ပေးလို့ ရသေ့အားလုံး ရသေ့အသွင်ပျောက်၊ ဝါတော် ခြောက်ဆယ်ရ မထေရ်လို သက်န်း၊ သပိတ်စတဲ့ ပရိက္ခရာရှစ်ပါး လွယ်လျက် ရဟန်းအဖြစ် ရောက်တော်မူခဲ့ကြတယ်။

သရဒရသေ့ကတော့ "နောင်အနာဂတ် တစ်ဆူသောဘုရားရှင်ရဲ့ သာသနာတော်မှာ ဒီလက်ျာတော်ရံ အဂ္ဂသာဝကဖြစ်တဲ့ အရှင်နိသဘမထေရ်လို ငါလဲပဲ ပညာအရာ ဧတဒဂ်ရတဲ့ လက်ျာတော်ရံ အဂ္ဂသာဝကဖြစ်ရင် ကောင်းမှာပဲ"ဆိုတဲ့အတွေးတွေက ဝင်ရောက်နေရာယူနေလို့ ဘာမဂ်ဖိုလ်မှ မရလိုက်ပါဘူး။ အဲဒီနောက် သရဒ ရသေ့ဟာ အနောမဒဿီဘုရားထံမှာ သူ့စိတ်အကြံဖြစ်တဲ့အတိုင်း ပညာအရာ ဧတဒဂ်ရ လက်ျာတော်ရံ အဂ္ဂသာဝကဆု ပန်ခဲ့ပါတယ်။ အနောမဒဿီမြတ်စွာဘုရားရှင်လဲ အနာဂတံသဉာဏ်တော်နဲ့ ရှုမျှော်ပြီး နောင် တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာတဲ့အခါ ပွင့်တော်မူမဲ့ ဂေါတမဘုရားရှင်လက်ထက်ရောက်ရင် သင်ဟာ ဆုပန် ထားတဲ့အတိုင်း လက်ျာတော်ရံ အဂ္ဂသာဝကဖြစ်လိမ့်မယ်လို့ ဗျာဒိတ်စကား မြွက်ကြားတော်မူပြီး အဂ္ဂသာဝက နှစ်ပါးအမှူးပြုတဲ့ရဟန္တာတစ်သိန်းနဲ့အတူ ကောင်းကင်ခရီးနဲ့ ဒေသစာရီ ကြွချီသွားတော်မူခဲ့ပါတယ်။

ဒီအခါမှာ သရဒရသေ့ဟာ သူ့ရဲ့သူငယ်ချင်း သိရိဝဍ္ဍနထံ သွားပြီး ကျန်တဲ့ လက်ဝဲတော်ရံ အဂ္ဂသာဝကဆုပန်ဖို့ အကြံပေးပါတယ်။ သိရိဝဍ္ဍနသူကြွယ်လဲ သရဒရသေ့အကြံပေးတာကို လက်ခံပြီး အနောမဒဿီဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ခုနစ်ရက်ခုနစ်လီ အကြီးအကျယ်အလှူပေးကာ လက်ျာတော်ရံ အဂ္ဂသာဝကဆု ပန်ပါတယ်။ မြတ်စွာဘုရားရှင်ကလဲ သိရိဝဍ္ဍနသူကြွယ်ကို နောင်အနာဂတ် ဂေါတမဘုရားသာသနာမှာ သင်တောင်းတဲ့ ဆုပြည့်ပြီး လက်ျာတော်ရံ ဒုတိယအဂ္ဂသာဝကဖြစ်လိမ့်မယ်လို့ ဗျာဒိတ်ပေးတော်မူပါတယ်။ သိရိဝဍ္ဍနသူကြွယ်လဲ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး တစ်သက်တာ ပတ်လုံး ကုသိုလ်တရားတွေ ကြိုးစား အားထုတ်ကာ ကွယ်လွန်ပြီးတဲ့နောက် နတ်ပြည်ကို ရောက်သွားတယ်။

သရဒရသေ့ကတော့ ဗြဟ္မစိုရ် တရားလေးပါးကို မပြတ်ပွားများအားထုတ်တဲ့ကုသိုလ်ကြောင့် နောက်ဘဝမှာ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာဖြစ်ခဲ့တယ်။ ဒ့ါအပြင် အနောမဒဿီဘုရားအမှူးရှိတဲ့ ရဟန္တာအရှင်မြတ် တွေကို ပန်းမွေ့ရာ၊ ပန်းထီးတွေနဲ့ လှူဒါန်းခဲ့ရတဲ့ ကုသိုလ်၊ မြတ်စွာဘုရားရှင်ရဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ချီးကျူးပူဇော်ခဲ့ရတဲ့ကုသိုလ်တွေကြောင့် သရဒရသေ့ဟာ ဘဝသံသရာကျင်လည်တဲ့အခါ ကမ္ဘာတစ်သိန်း ကာလပတ်လုံး နတ်ပြည်မှာဖြစ်ရခြင်း၊ စကြာမင်း အကြိမ်တစ်ထောင် ဖြစ်ရခြင်း၊ သိကြားမင်း အကြိမ်တစ်ထောင် ဖြစ်ရခြင်း၊ တစ်တိုင်းတစ်နိုင်ငံကို အုပ်ချုပ်ရတဲ့ သာမန်ပဒေသရာဇ်မင်း အကြိမ် မရေမတွက်

နိုင်ဖြစ်ရခြင်း၊ နောင်ဆုံးဘဝ၌ ပညာအရာတေဒဂ်ရပြီး အဂ္ဂသာဝက အဖြစ်နဲ့ ကျွတ်တမ်းဝင်ရခြင်း စတဲ့ အကျိုးတရားတွေ ရမှာဖြစ်ကြောင်း အနောမဒဿီမြတ်စွာဘုရား ကိုယ်တိုင် မိန့်ကြားတော်မူခဲ့ပါတယ်။

နောက်ဆုံးယခုဘဝ ဖြစ်လာကြပုံ

အဲဒီလို ဘဝသံသရာကျင်လည်ပြီးတဲ့နောက် ခု ဂေါတမမြတ်စွာဘုရားလက်ထက် ရောက်လာတဲ့ အခါမှာတော့ သရဒရသေ့က ရာဇဂြိုဟ်မြို့နဲ့ သိပ်မဝေးလှတဲ့ ဥပတိဿရွာက ရူပသာရီပုဏ္ဏေးမရဲ့ ဝမ်းကြာ တိုက်မှာ ပဋိသန္ဓေလာနေပါတယ်။ အဲဒီတစ်နေ့ထဲမှာပဲ သူ့ရဲ့သူငယ်ချင်း သိရီဝဍ္ဍနလဲ ရာဇဂြိုဟ်နဲ့ သိပ်မဝေး တဲ့ ကောလိတရွာက မောဂ္ဂလီပုဏ္ဏေးမရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေနေပါတယ်။ သူတို့နှစ်ယောက် ပဋိသန္ဓေ နေခဲ့ကြတဲ့ အဲဒီမျိုးနွယ်နစ်ခုဟာ လွန်ခဲ့တဲ့အထက် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ကထဲက ဆွေမျိုးရင်းချာ တွေလို သိပ်ကို ရင်းနှီးကျွမ်းဝင် ရှိခဲ့ကြတာပါ။ အချိန်တန်လို့ သူတို့နှစ်ယောက် တစ်နေ့ထဲမှာပဲ မွေးဖွားလာ ကြပြီး နာမည်ပေးကင်းပွန်းတပ်တော့ ရူပသာရီပုဏ္ဏေးမရဲ့သားကိုတော့ ဥပတိဿရွာ အကြီးအကဲရဲ့ သားဖြစ်တာမို့ **ဥပတိဿ**လို့ နာမည်ပေးကြပြီး၊ မောဂ္ဂလီပုဏ္ဏေးမရဲ့သားကိုတော့ ကောလိတရွာအကြီးအကဲရဲ့ သားဖြစ်လို့ **ကောလိတ**လို့ နာမည်ပေးခဲ့ကြတယ်။ အရှင်သာရိပုတ္တရာလောင်းက ဥပတိဿဖြစ်ပြီး အရှင်မဟာ မောဂ္ဂလာန်အလောင်းကတော့ ကောလိတပေါ့။

ဥပတိဿနဲ့ ကောလိတတို့ သူငယ်ချင်းနှစ်ယောက်ဟာ အသိုင်းအဝိုင်းကြီးတဲ့ မျိုးနွယ်တွေမှ ဖြစ်ခဲ့ကြတဲ့သူတွေပီပီ အခြွေအရံများစွာနဲ့ ချမ်းချမ်းသာသာ ကြီးပြင်းခဲ့ကြ ပြီး ခေတ်အားလျော်စွာ တတ်သင့်တတ်ထိုက်တဲ့ ဗေဒင်သုံးပုံကိုလဲ တစ်ဖက်ကမ်းခတ် တတ်မြောက်ခဲ့ကြ ပါတယ်။ တစ်နေ့မှာတော့ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ နောက်ပါလုလင်ငါးရာနဲ့အတူ ရာဇဂြိုဟ်က နာမည်ကြီး တောင်ထိပ်ပွဲသဘင် သွားကြည့်ကြရင်း ဉာဏ်တွေကလဲ ရင့်ကျက်လာကြတဲ့အတွက်ကြောင့် "ယခု ပွဲကြည့်နေကြတဲ့သူတွေ အကုန်လုံး နှစ်တရာအတွင်းမှာပဲ သေကြမဲ့သူတွေချည်းပါလား"လို့ သံဝေဂဉာဏ် ဖြစ်ပြီး မသေရာတရားကို ရဖို့အတွက် ဟောပြနိုင်တဲ့ ရဟန်းတစ်ပါးတော့ ရှာမှပဲလို့ ဆုံးဖြတ်ချက် ချလိုက်ကြတယ်။ အဲဒီနောက် သူတို့နှစ်ယောက်ဟာ နောက်ပါလုလင်ငါးရာနဲ့အတူ ရာဇဂြိုဟ်က ကိုယ့်ကိုယ်ကို ဘုရားအမည်ခံထားတဲ့ သိဉ္စည်းပရိဗိုဇ်ဆရာကြီးထံ သွားပြီး ပရိဗိုဇ်ရဟန်း ဝတ်လိုက်ကြတယ်။

သူတို့လို ပညာတတ် နာမည်ကြီးလူငယ်တွေ ပရိဗိုဇ်ရဟန်း ဝတ်လိုက်တယ်ဆိုရင်ပဲ သိဉ္စည်းဆရာကြီးလဲ တစ်ခါထဲ နာမည် ပိုကြီးသွားပြီး လှူသူတန်းသူတွေများလို့ လာဘ်လာဘတွေ ပေါများလာခဲ့တယ်။ ဥပတိဿနဲ့ ကောလိတတို့ နှစ်ယောက်ဟာ တစ်ရက်နှစ်ရက်လောက်ဆိုရင်ပဲ သိဉ္စည်းဆရာကြီးမှာ သူတို့လိုချင်တဲ့ အနှစ် သာရရှိတဲ့တရား မရှိဘူးဆိုတာ သိလိုက်ပြီး အခြားပညာရှိ အမည်ခံထားတဲ့ ပုဂ္ဂိုလ်တွေဆီကိုလဲ သူတို့ လိုချင်တဲ့တရားကို လိုက်လံမေးမြန်းပါတယ်။ သူတို့မေးလိုက်တဲ့ သူတိုင်းဟာ မေးတဲ့မေးခွန်းကို မဖြေနိုင်တဲ့အပြင် အဲဒီပုဂ္ဂိုလ်တွေက မေးခွန်းတွေ ပြန်မေးကြလို့ သူတို့ကချည်းပဲ ပြန်ပြန်ဖြေပေးခဲ့ကြရတယ်။ ဒီလိုနဲ့ သူတို့နှစ်ယောက် မသေရာတရား ရှာရင်း "ငါတို့နှစ်ယောက်ထဲက

မသေရာတရား အရှင်တွေ့တဲ့သူက ကျန်တဲ့ပုဂ္ဂိုလ်ကို ပြန်ပြောစတမ်း”လို့ အပြန်အလှန် ကတိပြု လိုက်ကြတယ်။

အရှင်အဿဇိနဲ့တွေ့ပြီး သောတာပန်ဖြစ်

အဲဒီအချိန်မှာ အကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားလဲ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလို့ တရားဦး ဓမ္မစကြာတရားဟော၊ နောက် အနတ္တလက္ခဏာသုတ်ဟော၊ အဲဒီလိုနဲ့ လာလိုက်တာ ဥရုဝေလတောတန်းက ရသေ့တစ်ထောင်ကိုပါ တရားဟောချေချွတ်ဆုံးမတော်မူပြီးလို့ ရာဇဂြိုဟ်မှာ သီတင်းသုံးနေပါတယ်။ ဒီအချိန်မှာ ဥပတိဿပရိဗိုဇ်လဲ ရာဇဂြိုဟ်မြို့ထဲ တည်ကြည်ငြိမ်သက်တဲ့ဣန္ဒြေနဲ့ ဆွမ်းခံကြွနေတဲ့ အရှင်အဿဇိ အရှင်မြတ်ကို မြင်တွေ့လိုက်ရရင်ပဲ “ဒီလို ကြည်ညိုစရာကောင်းတဲ့ အရှင်မြတ်မျိုး ငါတစ်ခါမှ မတွေ့ဖူးဘူး၊ ငါရှာနေတဲ့ မသေရာတရား ဒီရဟန်းရဲ့သန္တာန်မှာ ကေန်ရှိနိုင်လောက်တယ်”ဆိုတဲ့ ဝမ်းသာအားရအတွေးနဲ့ အရှင်အဿဇိဆွမ်းခံတဲ့နောက် တကောက်ကောက် လိုက်သွားတော့တယ်။

အရှင်အဿဇိဆိုတာ ပဉ္စဝဂ္ဂီငါးပါး ထဲက အငယ်ဆုံး အရှင်မြတ်ပါ။ အရှင်မြတ်က ဆွမ်းခံပြီး သင့်တော်တဲ့နေရာရောက်လို့ ဆွမ်းစားဖို့ ဟန်ပြင်လိုက်တဲ့အခါ ဥပတိဿပရိဗိုဇ်က သူ့ပါလာတဲ့ အခင်းလေး ခင်းပေးပါတယ်။ အရှင်မြတ်ဆွမ်းစားပြီးတဲ့ အခါ သူ့ပါလာတဲ့ ရေကရားထဲက ရေငှဲ့ပြီး သောက်တော်ရေ ဆက်ကပ်ပါတယ်။ အရှင်မြတ်အတွက် လိုအပ်တဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုစုပေးရင်း နှုတ်ဆက် ပဋိသန္ထာရစကားပြောပြီးတဲ့နောက် ဥပတိဿပရိဗိုဇ်က အရှင်မြတ်ကို “အသင်ရဲ့ ဆရာ ဘယ်သူပါလဲ၊ အဘယ်ဆရာရဲ့ တရားကို နှစ်သက်ပါသလဲ” လို့ မေးလျှောက် ပါတယ်။ ဒီအခါ အရှင်အဿဇိက မြတ်စွာဘုရားဟာ သူ့ရဲ့ဆရာဖြစ်ကြောင်းနဲ့ မြတ်စွာဘုရားရဲ့ တရားကို နှစ်သက်ကြောင်းပြန်ဖြေပါတယ်။ ဒီအခါမှာ ဥပတိဿပရိဗိုဇ်က တရားအကျဉ်း ဟောပေးဖို့ အရှင်အဿဇိကို တောင်းပန်တဲ့အတွက် အရှင်မြတ်က -

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။

တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။

ဆိုတဲ့ ဒီဂါထာကို ဟောလိုက်ပါတယ်။ ဒီဂါထာရဲ့ ပထမ နှစ်ပိုဒ်ဆုံးရင်ပဲ ဥပတိဿပရိဗိုဇ် သောတာပန်တည်ပြီး ဖြစ်ခြင်းပျက်ခြင်းမရှိတဲ့ မသေရာနိဗ္ဗာန်တရားထူးကို ပထမအကြိမ် တွေ့မြင်သွားပါတယ်။ ဒီဂါထာရဲ့ အဓိပ္ပါယ်ကို သိအောင် ဂါထာရဲ့ အနက်ကို ဖော်ပြပါဦးမယ်။

ယေ ဓမ္မာ - အကြင် ခန္ဓာငါးပါး ရုပ်နာမ်တရားလို့ခေါ်တဲ့ ဒုက္ခသစ္စာတရားတို့သည်၊ ဟေတုပ္ပဘဝါ - အကြောင်းတဏှာဆိုတဲ့ သမုဒယသစ္စာလျှင် အမွန်အစရှိကုန်၏။ တေသံ - ထို ခန္ဓာငါးပါး ဒုက္ခသစ္စာတရား တို့၏၊ ဟေတုံ - အကြောင်းတဏှာ သမုဒယသစ္စာကို၊ တထာဂတော - ဘုရားရှင်သည်၊ အာဟ - ဟောတော် မူပြီ။ တေသံ - ထိုခန္ဓာငါးပါးအကျိုး ဒုက္ခသစ္စာနှင့် အကြောင်းတဏှာ သမုဒယသစ္စာတို့၏၊ ယော နိရောဓော -

အကြင်ချုပ်ငြိမ်းရာနိဗ္ဗာန်ဆိုတဲ့နိရောဓသစ္စာနှင့် ထိုနိရောဓသို့ဆိုက်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာ တရားသည်၊ အတ္ထိ - ထင်ရှားမသွေ ရှိပါပေ၏၊ တဉ္စ - ထိုနိရောဓသစ္စာနှင့် မဂ္ဂသစ္စာကိုလည်း၊ တထာဂတော - ဘုရားရှင်သည်၊ အာဟ - ဟောတော်မူပြီ။ မဟာသမဏော - ငါတို့ဆရာ ရဟန်းမြတ်သည်၊ ဧဝံဝါဒီ - ဤသို့ အယူရှိတော်မူ၏။

အဓိပ္ပါယ်အကျဉ်းကတော့ လောကမှာရှိတဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဆိုတဲ့ ဒုက္ခသစ္စာတရားတွေဆိုတာ လိုချင်တပ်မက်မှု တဏှာသမုဒယကြောင့် ဖြစ်လာတာဖြစ်တယ်၊ အကြောင်းမဲ့ ဖြစ်လာတာ မဟုတ်ဘူး။ ဒုက္ခ တွေရဲ့ လက်သယ်တရားခံအကြောင်းတရားဆိုတာ တဏှာခေါ်တဲ့ သမုဒသစ္စာပဲလို့ ဘုရားရှင်က ဟောပါတယ်၊ ဒီ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာတွေ ချုပ်ငြိမ်းရာ နိဗ္ဗာန်လို့ခေါ်တဲ့ နိရောဓသစ္စာ ဆိုတာရယ်၊ နိရောဓသို့ ဆိုက်ရောက်ဖို့အတွက် ပွားများဖို့ မဂ္ဂသစ္စာဆိုတာရယ် ဒီ သစ္စာလေးပါးတရားကို ငါတို့ မြတ်စွာဘုရားက ဟောပြပါတယ်-လို့ ဆိုလိုတာပါ။

ဒီဂါထာဆုံးတာနဲ့ ဥပတိဿပရိဗိုဇ်ဟာ သောတာပန်နဲ့တင်ရပ်သွားပြီး အထက်မဂ်ဉာဏ် ဖိုလ်ဉာဏ် တွေဆက်မဖြစ်တာနဲ့ ဒီလိုဆို အကြောင်းထူးတော့ ရှိရမယ်လို့တွေးပြီး အရှင်အဿဇိက ဆက်ပြီး တရားဟော မှာကို သူ့အတွက် ဒီလောက်ဆို လုံလောက်ပြီဖြစ်ကြောင်း လျှောက်ထားပြီး မြတ်စွာဘုရား ခု ဘယ်မှာသီတင်း သုံးနေသလဲဆိုတာ မေးလျှောက်ပါတယ်။ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေကြောင်း အရှင်မြတ်က ဖြေကြားလို့ သိတယ်ဆိုရင်ပဲ ဥပတိဿပရိဗိုဇ်ဟာ သူနဲ့ သူ့သူငယ်ချင်းကောလိတတို့ အပြန်အလှန် ကတိကဝတ် ပြုထားသည့်အတွက် ကောလိတကို ခေါ်ပြီး နောက်ကနေလိုက်လာခဲ့ပါမည့်အကြောင်း အရှင်မြတ်ကို လျှောက်ထားပြီး ထိခြင်းငါးပါးဖြင့် ရှိခိုးဦးချ ကန်တော့ပြီး ပရိဗိုဇ်တွေရဲ့ ကျောင်းသခ်န်းကို ပြန်ခဲ့ပါတယ်။

အဝေးကနေ ပြန်လာနေတဲ့ ဥပတိဿကို ကောလိတပရိဗိုဇ် လှမ်းမြင်လိုက်တယ်ဆိုရင်ပဲ သူ့စိတ်ထဲမှာ "အော် ငါ့သူငယ်ချင်းရဲ့မျက်နှာအရောင်အဆင်းက အရင်နေ့တွေကလို မဟုတ်ဘူး၊ ဧကန်တော့ ငါတို့ရှာနေတဲ့ မသေရာတရားကို တွေ့လာပြီဖြစ်မယ်"လို့ တွေးမိပြီး ဥပတိဿကို အကျိုးအကြောင်း မေးပါတယ်။ ဒီအခါ ဥပတိဿက ကောလိတကို မသေရာတရားကို တွေ့ခဲ့ပြီ ဖြစ်ကြောင်း ရှင်းပြပြီး အရှင်အဿဇိထံကနေ သူနာခဲ့ရတဲ့ ယေ ဓမ္မာ ဟေတုပ္ပဘဝါ-အစရှိတဲ့ ဂါထာလေးပိုဒ်ကို ပြန်ဟောပြပါတယ်။ ဂါထာလေးပိုဒ်အဆုံးမှာ ကောလိတ ပရိဗိုဇ်လဲ သောတာပန်တည်ပြီး မသေရာအမြိုက်နိဗ္ဗာန်တရားထူးကို မျက်မှောက်ပြု မြင်တွေ့သွားပါတယ်။ အဲဒီလို တရားထူး ရလိုက်တာနဲ့ တရားပိုင်ရှင် မြတ်စွာဘုရားကို ဖူးတွေ့ချင်ဇောနဲ့ "ငါတို့ဆရာ မြတ်စွာဘုရား ဘယ်မှာလဲ"လို့ ဥပတိဿကို မေးပါတယ်။ ဥပတိဿက ဝေဠုဝန်ကျောင်းတော်မှာလို့လဲ ဖြေလိုက်ရော "ဒါဆို မြတ်စွာဘုရားဆီ သွားကြစို့၊ မြတ်စွာဘုရားကို ဖူးမျှော်ကြစို့" လို့ ကောလိက ပြောပါတယ်။ ဒီအခါ ဥပတိဿက အမြဲတစေ ဆရာကို လေးစားမြတ်နိုး တန်ဖိုးထားတတ်သူပီပီ သိဥ္စည်းဆရာကြီးထံ သွားပြီး မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ပြောပြကာ

ဘုရားရှင်ထံ ခေါ်သွားချင်တဲ့အကြောင်း ပြောပြတယ်။ အဲဒီနောက် သူတို့နှစ်ယောက် ဆရာကြီးထံ သွားရောက်ပြီး အကျိုးအကြောင်းရှင်းပြကာ ဘုရားရှင်ထံ လိုက်ခဲ့ဖို့ ခေါ်တဲ့အခါ သိဉ္စည်းဆရာကြီးက သူ အခုရနေတဲ့ ကျော်စောမှုနဲ့လာဘ်သပ်ပကာတွေကို ငဲ့ကွက်ပြီး ရဝင်အိုးကြီး ဖြစ်ပြီးခါမှ စလယ်ဝင်အိုးလေး မဖြစ်ချင်တော့တဲ့အကြောင်း ပြောပြီး ငြင်းပယ်လို့ ဥပတိဿနဲ့ ကောလိတတို့လဲ လက်လျော့လိုက်ပြီး သူတို့နှစ်ယောက်ရဲ့ ဆုံးမဩဝါဒကို နှစ်သက်သဘောကျတဲ့ တပည့်ပရိဗိုဇ် ၂၅၀ နဲ့အတူ ဘုရားရှင်ရှိရာ ဝေဠုဝန်ကျောင်းတော်ကို လာခဲ့ပါတယ်။

တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

ဒီလို သူတို့နှစ်ယောက် တပည့်တွေနဲ့အတူ ဝေဠုဝန်ကျောင်းတော်ဆီ ဦးတည်လာနေတာကို မြတ်စွာ- ဘုရား မြင်တွေ့လိုက်ရင်ပဲ ဘုရားရှင်က သူ့နားမှာရှိနေတဲ့ ရဟန်းပရိတ်သတ်ကို ခုလာနေတဲ့ ဥပတိဿနဲ့ ကောလိတတို့ဟာ ငါဘုရားရဲ့ အဂ္ဂသာဝကဖြစ်မဲ့ပုဂ္ဂိုလ်တွေဖြစ်ကြောင်း မိန့်ကြားတော်မူပါတယ်။ သူတို့လဲ ရောက်ပြီးတာနဲ့ ဘုရားရှင်ကို ရှိခိုးဦးချ ကန်တော့ပြီး ရဟန်းပြုခွင့်တောင်းကြပါတယ်။ ဒီအခါမှာ မြတ်စွာဘုရားက "ဧထ ဘိက္ခဝေါ-ရဟန်းတို့ လာကြကုန်လော့" မိန့်လိုက်တယ်ဆိုရင်ပဲ သူတို့အားလုံး ပရိဗိုဇ် အသွင်ပျောက် ဆံမုတ်ဆိတ်တွေ ရိတ်ပယ်ထားပြီး တန်ခိုးနဲ့ဖြစ်လာတဲ့ပရိက္ခရာရှစ်ပါးလွယ်လျက် ဝါတော် ခြောက်ဆယ်ရ အသွင်ပုံစံနဲ့ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရခဲ့ကြပါတယ်။ ဥပတိဿက အရှင်သာရိပုတ္တရာ ဖြစ်လာပြီး၊ ကောလိတက အရှင်မဟာမောဂ္ဂလာန် ဖြစ်လာခဲ့ပါတယ်။ ဆက်ပြီး မြတ်စွာဘုရားက သူတို့စရိုက်နဲ့ ကိုက်ညီမဲ့တရားကို ဟောတော်မူတဲ့အခါ အဂ္ဂသာဝကနှစ်ပါးကလွဲလို့ ကျန်တဲ့ နောက်ပါတပည့် ပရိဗိုဇ်၂၅၀ လုံး ရဟန္တာ ဖြစ်သွားကြပါတယ်။

ဒီတရားပွဲမှာ တပည့် ၂၅၀ ရဟန္တာဖြစ်သွားကြပေမဲ့ အဂ္ဂသာဝက လျောင်းလျာ သူတို့နှစ်ပါး အထက်မဂ်ဖိုလ်တွေ မရခဲ့ကြပါဘူး။ အကြောင်းကတော့ သူတို့ရမဲ့ သာဝကပါရမီ ဉာဏ်က ကြီးကျယ်လွန်းလို့ ဖြစ်ပါတယ်။ အရှင်မောဂ္ဂလာန်က ရဟန်းပြုပြီး ခုနစ်ရက်မြောက်တဲ့နေ့ မဂဓတိုင်း ကလ္လဝါလဆိုတဲ့ရွာကလေးမှာ ရဟန်းတရားအားထုတ်ရင်း ထိနမိဒ္ဓ နိုပ်စက်နေလို့ ဘုရားရှင်က ထိနမိဒ္ဓ ပယ်ဖျောက်ကြောင်းတရား ဟောပြီး ဓာတ်ကမ္မဋ္ဌာန်း ဆက်ဟောတာကို နာယူရင်းနဲ့ပဲ အထက်မဂ်ဖိုလ်တွေ ရပြီး သာဝကပါရမီဉာဏ်အဆုံး အထွတ်အထိပ်သို့ ရောက်တော်မူခဲ့ပါတယ်။ အရှင်သာရိပုတ္တရာကတော့ ရဟန်းပြုပြီးလို့ ၁၅ ရက်အကြာမှာ မြတ်စွာ ဘုရားနဲ့အတူ ရာဇဂြိုဟ်က ဝက်တူးလိုဏ်ဂူမှာ နေထိုင်ရင်း သူ့ရဲ့တူဖြစ်တဲ့ ဒီဃနခပရိဗိုဇ်ကို ဟောတဲ့ ဝေဒနာသိမ်းဆည်းကြောင်း ဝေဒနာပရိဂ္ဂဟသုတ္တန်ကို နာရင်း ဉာဏ်နဲ့ ဒေသနာတော်သို့အစဉ်လိုက်ကာ နလုံးသွင်း ရှုပွားလိုက်တဲ့အတွက် သူများအတွက် ခူထားတဲ့ထမင်းကို အဆင်သင့်စားလိုက်ရတဲ့သူလိုပဲ အထက်မဂ်ဖိုလ် တွေရပြီး သာဝကပါရမီဉာဏ်အဆုံးသို့ ရောက်တော် မူခဲ့ပါတယ်။

ဒီနေရာမှာ အရှင်သာရိပုတ္တရာက ဉာဏ်ကြီးရဲ့သားနဲ့ ဘာလို့ အရှင်မောဂ္ဂလာန်နောက်မှ သာဝက ပါရမီဉာဏ်ရရတာလဲလို့ မေးစရာ ရှိပါတယ်။ ဒါကို ကျမ်းဂန်များမှာ ဖြေဆိုထားတာက အရှင်သာရိပုတ္တရာ

အနေနဲ့ သာဝကပါရမီဉာဏ် မရခင် ကြိုတင်ပရိကံအနေနဲ့ ရှုပွားရတဲ့ ဝိပဿနာဉာဏ်ကိစ္စက များပြားလွန်းလို့ပါတဲ့။ အရှင်မြတ်က ဝိပဿနာရှုပွားတဲ့နေရာမှာ ရှုပွားစရာအကုန် ရှုပွားပြီးမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်တက်တော့ အချိန်နဲနဲ ပိုယူရတဲ့ သဘောပါ။ အရှင်မဟာမောဂ္ဂလာန်ကတော့ ဝိပဿနာအကျဉ်း ရှုပွားပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တက်တော့ ရက်တိုတိုနဲ့ သာဝကပါရမီဉာဏ်ရတယ်ပေါ့။ ဥပမာအနေနဲ့ ဆင်းရဲသားတစ်ယောက် ခရီးထွက်တော့မယ်ဆိုရင် ဘာမှ အထူးပြင်စရာ မလိုဘဲ ကောက်ခါငင်ခါ အလွယ်တကူထ ထွက်သွားနိုင်တယ်။ ရှင်ဘုရင်တွေကြတော့ အဲဒီလို မဟုတ်ပေဘူး၊ သက်တော်စောင့်တွေ ရှေ့နောက်လိုက်ပါမဲ့ ဆင်တပ် မြင်းတပ်တွေ စီမံနေရာချနေရတာနဲ့ ရုတ်ခနဲ တန်းမထွက်နိုင်ပဲ အချိန်ယူပြင်ဆင်ပြီးမှ ထွက်ရပါတယ်။ ဒါ့ကြောင့် ရှင်ဘုရင် တစ်ခါထွက် ပဲကြီးတစ်လှေချက်လို့တောင် ဆိုရိုးစကားဖြစ်ခဲ့တယ်။ ဒီဥပမာလိုပဲ အရှင်သာရိပုတ္တရာက ဉာဏ်ကြီးတော့ ဝိပဿနာရှုတဲ့နေရာမှာ အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့် ရှုမှတ်နေရတဲ့အတွက် သာဝကပါရမီဉာဏ်ရတာ တပတ် နောက်ကျနေခဲ့တာပါတဲ့။

အရှင်သာရိပုတ္တရာ သာဝကပါရမီဉာဏ်ရတဲ့နေ့ ဝေဠုဝန်ကျောင်းတော်က ကျောင်းအရိပ်မှာ စုဝေးနေကြတဲ့ သာဝကသန္နိပါတ-တပည့်သာဝကများစုံညီအစည်းအဝေးမှာပဲ အရှင်သာရိပုတ္တရာကို "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ၊ ယဒိဒံ သာရိပုတ္တော - ရဟန်းတို့ ငါဘုရားရဲ့ တပည့်ရဟန်း ပညာဉာဏ်ကြီးသူတွေထဲမှာ သာရိပုတ္တရာဟာ အသာဆုံး အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တယ်"လို့ ပညာအရာအသာဆုံး ဧတဒဂ်ရာထူး ချီးမြှင့်တော်မူပါတယ်။ အရှင်မဟာမောဂ္ဂလာန်ကိုလဲ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိမန္တာနံ၊ ယဒိဒံ မဟာမောဂ္ဂလာနော - ရဟန်းတို့ ငါဘုရားရဲ့ တပည့်ရဟန်း တန်ခိုးကြီးသူတွေထဲမှာ မောဂ္ဂလာန်ဟာ အသာဆုံး အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တယ်"လို့ တန်ခိုးအရာ အသာဆုံး ဧတဒဂ်ရာထူး အပ်နှင်းတော်မူခဲ့ပါတယ်။

အရှင်သာရိပုတ္တရာ၏ ကြည်ညိုစရာ ဂုဏ်ရည်များ

အရှင်သာရိပုတ္တရာဟာ ဘုရားပြီးရင် လောကမှာ ဉာဏ်ပညာအကြီးဆုံးပုဂ္ဂိုလ်ပါ၊ သူ့ရဲ့ ဉာဏ်ပညာတွေက အကောင်အထည် အစိုင်အခဲသာဖြစ်နေရင် ဒီမဟာပထဝီမြေကြီးနဲ့တောင် မဆန့်ပါဘူးတဲ့။ အဲဒီလောက်တောင် ကြီးကျယ်တဲ့ဉာဏ်ပညာရှိသူပါ၊ မြတ်စွာဘုရားကို အတုလိုက်ပြီး တရားဟောစွမ်းနိုင်သူပါ။ ယခုလို ပညာဉာဏ်ကြီးမားပြီး အတော်ဆုံးဧတဒဂ်ရာထူး ရထားပေမဲ့ မာန်မာန မကြီးပါဘူး၊ သံဃာ့ပရိတ်သတ်ကို ချဉ်းကပ်တဲ့အခါ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလို ဦးချိုးကျိုးနေတဲ့နွားလားလို မာန်မာနကို နှိပ်ချပြီး ဂါရဝနိဝါတအပြည့်နဲ့ ချဉ်းကပ်ပါတယ်။ သူခုလို ဘုရားနဲ့တွေ့ပြီး အဂ္ဂသာဝကရာထူးရခဲ့တာဟာ အရှင်အဿဇိရဲ့ တရားကို နာခဲ့ရတဲ့အတွက်ကြောင့်ဆိုတာကိုလဲ သူဘယ်တော့မှ မမေ့ပါဘူး။ ဒါ့ကြောင့် အရှင်မြတ်ကြီးဟာ သူ့ဆရာရင်း အရှင်အဿဇိကို အမြဲလေးစားပူဇော်တဲ့အနေနဲ့ အရှင်အဿဇိရှိရာအရပ်ကို အမြဲတမ်း ဦးတိုက်ပူဇော်ပါတယ်။ ဒါကို မသိနားမလည်တဲ့ တချို့ရဟန်းတွေက အရှင်မြတ်ကြီးမှာ အရပ်ဒေသနဲ့ ပတ်သက်တဲ့ အစွဲအလန်း မကင်းသေးဘူးလို့တောင်ထင်ပြီး ဘုရားကို လျှောက်ထားကြလို့ ဘုရားရှင်ကတောင်

ရှင်သာရိပုတ္တရာကို ခေါ်ပြီး ဒီအကြောင်း ရှင်းပြခိုင်းခဲ့ရဖူးပါတယ်။ အရှင်မြတ်ကြီးဟာ ဒီသာသနာတော်ထဲ မရောက်ခင်က သိဉ္စည်းဆရာကြီးအပေါ် အမြဲတမ်း လေးစားမြတ်နိုးသလို သာသနာထဲ ရောက်လာပြန်တော့လဲ ဆရာရင်း အရှင်အဿဇိကို အမြဲတမ်း လေးစားမြတ်နိုး တန်ဖိုးထားတဲ့ အရှင်မြတ်ကြီးပါ။

ဒါတွင်မက အရှင်မြတ်ကြီးဟာ သံဃာ့ပရိတ်သတ်ကိုလဲ အကိုကြီး အဖအရာဆိုတာလို အမြဲတစေ စောင့်ရှောက်တော်မူပါတယ်။ သံဃာတော်တွေ မနက်စော ဆွမ်းခံကြွသွားကြပြီဆိုရင် အရှင်မြတ်ကြီးက ဇေတဝန်ကျောင်း တစ်ကျောင်းလုံး တံမြက်လှဲ၊ သောက်ရေအိုးတွေ ရေဖြည့်၊ သံဃာတွေ အမှုမဲ့အမှတ်မဲ့မေ့ပြီး အပြင်မှာ ထားခဲ့တဲ့ ကျောင်းအသုံးဆောင် ပရိက္ခရာတွေတွေ့ရင်လဲ ရေရွတ်တာတွေ၊ အပြစ်တင်တာတွေ မလုပ်ဘဲ သူကိုယ်တိုင် ပစ္စလခတ် ထားခဲ့သလိုမျိုး သဘောထားပြီး သူ့နေရာနဲ့သူ စံနစ်တကျပြန်ထားကာ ဝေယျာဝစ္စတွေကိုလဲ အောက်ခြေသိမ်း ဆောင်ရွက်တော်မူပါတယ်။ မမာမကျန်းဖြစ်နေတဲ့ ဂိလာနတွေကိုလဲ လိုက်လံမေးမြန်းပြီး သူတို့နဲ့ သင့်တော်လျောက်ပတ်တဲ့ ယာဂု(ဆံပြုတ်)ဆွမ်းတွေ၊ ဆေးဝါးတွေ ရအောင် စီမံဆောင်ရွက် ပေးပါတယ်။

အရှင်မြတ်ကြီးက တပည့်တွေကို ဆုံးမတဲ့အခါ သူဟာ ဘယ်တော့မှ အလိုရမ္မက်ကြီးတဲ့ပုဂ္ဂိုလ် မဖြစ်ပရစေနဲ့၊ ယုတ်မာတဲ့ပုဂ္ဂိုလ်၊ ပျင်းရိတဲ့ပုဂ္ဂိုလ်၊ အကြားအမြင် ဗဟုသုတနည်းတဲ့ပုဂ္ဂိုလ်၊ ရိုသေလေးစားခြင်း ဂရုဂါရဝနည်းပါးတဲ့ပုဂ္ဂိုလ်မျိုး ဘယ်သောအခါမှ မဖြစ်ပရစေနဲ့လို့ စိတ်ဆန္ဒရှိကြောင်းကိုလဲ မိန့်တော်မူပါတယ်။ နောက်ပြီး ပရိယတ် ပဋိပတ် ဗဟုသုတနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ၊ အသိဉာဏ်ပညာ ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ်ကျင့် သီလအားတွေ သမာဓိအားတွေကောင်းတဲ့ပုဂ္ဂိုလ်တွေ သူ့ဦးခေါင်းပေါ်မှာ တည်နေပါစေ-လို့ အမြဲတမ်း တောင့်တကြောင်းကိုလဲ မိန့်တော်မူပါတယ်။ တပည့်တွေကို အလိုနည်းတဲ့ပုဂ္ဂိုလ်၊ ရောင့်ရဲလွယ်တဲ့ပုဂ္ဂိုလ်၊ သီလ သမာဓိ ပညာတွေနဲ့ ပျော်မွေ့တဲ့ပုဂ္ဂိုလ်တွေ ဖြစ်အောင် ကြိုးစားကြဖို့လဲ တိုက်တွန်းဆုံးမပါတယ်။

ယခုလို ဖော်ပြခဲ့တဲ့ ဂုဏ်ရည်တွေနဲ့ ပြည့်စုံတဲ့ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးဟာ ဓမ္မဝတ်တွေ မချို့ယွင်းခဲ့သလို အသက်တစ်ရာဝန်းကျင်ရှိနေတဲ့ မိခင်အိုကြီးကိုလဲ ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံး အချိန် သောတာပန်တည်အောင် သွားရောက်တရားဟောပေးပြီး မွေးကျေးဇူးဆပ်ခဲ့တဲ့အတွက် လောကဝတ်လဲ မပျက်ယွင်းခဲ့ပါဘူး။ ဤကဲ့သို့ ကြည်ညိုစရာကောင်းတဲ့ ဂုဏ်ရည်တွေနဲ့ ပြည့်ဝတော်မူပြီး ပညာအရာ အသာဆုံး တေဒဂ်ရ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးဟာ အဋ္ဌသာဝကတို့၏ ဓမ္မတာအတိုင်း ဘုရားရှင်ပရိနိဗ္ဗာန်မစံမီ ခြောက်လအလို ဝါတော် ၄၄ ဝါအရ၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့မှာ မွေးဖွားရာ နာလကရွာက သူ့ကိုမွေးဖွားခဲ့တဲ့တိုက်ခန်းမှာပဲ ပရိနိဗ္ဗာန်စံတော်မူပြီး သံသရာဝဋ်ဆင်းရဲတွေ အပြီးတိုင် ငြိမ်းသွားတော်မူခဲ့ပါတယ်။

အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးရဲ့ အကြောင်းအရာအတ္ထုပ္ပတ္တိကို သင်ကြားရ၊ နာယူရသဖြင့် အရှင်မြတ်ကြီး ဆုံးမတော်မူတဲ့အတိုင်း အလိုနည်းတဲ့ပုဂ္ဂိုလ်၊ ရောင့်ရဲလွယ်တဲ့ပုဂ္ဂိုလ်၊ ဝီရိယကောင်းတဲ့ပုဂ္ဂိုလ်၊ ရိုးသားဖြောင့်မတ် တည်ကြည်တဲ့ပုဂ္ဂိုလ်၊ မိဘဆရာသမားတွေကို လေးစားတန်ဖိုးထား ပူဇော်တတ်တဲ့ပုဂ္ဂိုလ်၊

မာန်မာနမကြီးဘဲ ရိုသေလေးစားနှိမ့်ချခြင်း ဂါရဝနိဝါတမင်္ဂလာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ လောကဝတ် ဓမ္မဝတ် မချို့ယွင်းတဲ့ပုဂ္ဂိုလ်တွေ ဖြစ်အောင်ကြိုးစား နိုင်သဖြင့် ဉာဏ်ပညာကြီးမားတဲ့ပုဂ္ဂိုလ်တွေဖြစ်ပြီး သံသရာ ဝဋ်ကနေ ကျွတ်လွတ်နိုင်ပါရစေ၊ ကျွတ်လွတ်နိုင်ကြပါစေလို့ အာသီသဆန္ဒပြု ဆုတောင်းရင်း ဒီတပတ် သင်တန်းကို နိဂုံးချုပ်လိုက်ပါတယ်။

ကျမ်းကိုး--

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပထမတွဲ၊ ဒုတိယတွဲ၊

၂။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ပထမတွဲ၊

၃။ သံယုတ်ပါဠိတော် ပထမတွဲ၊

၄။ သံယုတ်အဋ္ဌကထာ ပထမတွဲ၊

၅။ ဓမ္မပဒအဋ္ဌကထာ ပထမတွဲ၊

၆။ ထေရဂါထာပါဠိတော်၊

၇။ ထေရဂါထာအဋ္ဌကထာ ဒုတိယတွဲ၊

၈။ အပဒါန်ပါဠိတော် ပထမတွဲ၊

၉။ အပဒါန်အဋ္ဌကထာ ပထမတွဲ၊

၁၀။ မဟာဗုဒ္ဓဝင် ဆဋ္ဌတွဲ ပထမပိုင်း၊

အရှင်နေမိန္ဒာဘိဝံသ
မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ
35691, Palomares Road,
Castro Valley, C A 94552, U S A,
၁၃၇၉-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊
(22/3/2018)ကြာသပတေးနေ့။ ညနေ ၇း၁၅။